စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ရှမ်းပြည်နယ်

လားရှိုးခရိုင်၊ လားရှိုးမြို့။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ပြောင်းချဉ်ဖတ်(Maize Silage)ပြုလုပ်ခြင်း၊ သုံးစွဲခြင်းနှင့်အကျိုးအမြတ်များ လေ့လာခြင်း

ဒေါ်ခိုင်ဇာဇာစော

ဒုတိယဦးစီးမှူး

လားရှိုးမြို့။

၂၀၂၂ ခုနှစ်၊ မတ် လ

# နိဒါန်း

- ရှမ်းပြည်နယ် (မြောက်ပိုင်း) သည် ယာသီးနှံအနေဖြင့် အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးနေခြင်း။
- တောင်သူများအနေဖြင့် အစေ့အဆန်သာမက ပြောင်းရိုးပင်စည်များပါ ရောင်းချနိုင်ခြင်း။
- နို့ရည်ခဲချိန်တွင် ရိတ်သိမ်းနိုင်၍ သီးထပ်စိုက်ပျိုးနိုင်ပြီး သီးနှံ စိုက်စွမ်းအားများ တိုးတက်လာစေနိုင်ခြင်း။
- ပြောင်းဈေးကွက်မတည်ငြိမ်မှုပြဿနာများကို ကျော်လွှား စေနိုင်ခြင်း။

# ရည်ရွယ်ချက်

- တောင်သူများအကျိုးအမြတ်ပိုမိုရရှိလာစေရန်။
- သီးနှံစိုက်စွမ်းအားများ မြှင့်တက်လာစေရန်။
- နွားစာအစိုမရရှိနိုင်သည့်ခြောက်သွေ့ကာလများတွင်အစာ ရှားပါးမှု ပြဿနာကို ဖြေရှင်းပေး နိုင်ရန်။
- ပြောင်း ဈေး ကွက်မတည်ငြိမ်မှုပြဿနာများကို ကျော်လွှား နိုင်စေရန်။

# ရှမ်းပြည်နယ်အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

ရှမ်းပြည်နယ် တွင် အစေ့ထုတ်ပြောင်းသီးနှံသည် ဒေသ ရာသီဥတုနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းခြင်း၊ ဈေးကွက် ဝယ်လိုအား ရှိခြင်းတို့ကြောင့် စိုက်ပျိုးဧကပေါင်း (၈) သိန်းကျော် စိုက်ပျိုး လျက်ရှိပါသည်။

# အစေ့ထုတ်ပြောင်း ရောင်းချရာတွင် တောင်သူ တွေ့ကြုံရသည့်အခက်အခဲများ

၁။ အရင်းအနှီးမလုံလောက်ခြင်း

၂။ ဈေး ကောင်းရချိန်အထိ သိုလှောင်ထားနိုင်မှုမရှိခြင်း

၃။ စိုက်ပျိုးသူများကိုယ်တိုင်အစုအဖွဲ့ဖြင့် နယ်စပ် ကုန်သွယ်ရေးစခန်း များသို့ ပို့ဆောင်ရောင်းချနိုင်မှုမရှိခြင်း

၄။ ဈေး ကွက်တောင်းဆိုမှုများနှင့်ပက်သက်၍ သိရှိသူနည်းပါးခြင်း

၅။ တရုတ်ဈေးကွက်မသေချာခြင်း

၆။ တရားဝင်အသိအမှတ်ပြု သွင်းအားစုများဈေးကြီးခြင်း

၇။ ရာသီဥတုပြောင်းလဲမှုကြောင့် အထွက်နှုန်းနှင့် အရည်အသွေးမကောင်းပါက ဈေး နှိမ်ခံရပြီး အကြွေးတင်ခြင်း

# အစေ့ထုတ်ပြောင်း ရောင်းချရာတွင် လုပ်ငန်းရှင်များ တွေ့ကြုံရသည့်အခက်အခဲများ

၁။ တရုတ် ဈေးကွက်မှာ အဝယ်မရှိပါကပွဲရုံ၊သိုလှောင်ရုံတွင် ပုံနေပါက အရည်အသွေး ထိန်းထားနိုင်ရန် အခြောက်ခံစက်များလိုအပ်ခြင်း။

၂။ တာရှည်ထိန်းသိမ်းသိုလှောင်ထားနိုင်ရန် အဆင့်မြင့် Ware House များ လိုအပ်ခြင်း။

၃။ ဘိန်းအစားထိုး Quota ရရှိရေး နှင့်Quota ခွဲဝေမှု ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ခြင်း။

၄။ Quota မပိုသော အစေ့ထုတ်ပြောင်းများ တရားဝင်အခွန်ဖြင့် တင်ပို့ခွင့်ရရှိရန် လိုအပ် ခြင်း။

၅။ ဥရောပမှတရုတ်နိုင်ငံထဲသို့ ပြောင်းအဝင်များလာပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာ ပြောင်းများ တရုတ်သို့တင်ပို့ရောင်းချရာတွင်ဈေးနှုန်းကျဆင်းခြင်း။

၆။ နယ်စပ်ဂိတ်များပိတ်ခြင်း။

# ပြောင်းချဉ်ဖတ်ပြုလုပ်သည့်နည်းစနစ်များ

(၁) မြေကျင်းပြုလုပ်၍ ပုံသောစနစ်

ကျင်း၏နံရံလေးဘက်ကိုအုတ်စီခြင်း ကွန်ကရစ် လောင်းခြင်းဖြင့် နံဘေးမြေသား များ ပြိုမကျစေရန် ဆောင်ရွက်ခြင်း။ မြေသားကျစ်လစ် သိပ်သည်းမှု ရှိပါက နံရံကာရန်မလိုပါ။



(၂) မြေပြင် ပုံသောစနစ်

နုတ်နုတ်စင်းထားသည့် ပြောင်းဖတ် များကို မြေပြင်ပေါ် တွင် လေလုံ အောင် ဖုံးအုပ်ထားရပါမည်။



သာမန် နွားအုပ်တစ်အုပ် အတွက် နွားတစ်ကောင် တစ်နေ့ နွားစာ ချဉ်ဖတ် (၆)ပိဿာ နှုန်းဖြင့် တွက်ချက်၍ ပြုလုပ်နိုင်သည်။

# ပြောင်းချဉ်ဖတ်ပြုလုပ်နည်း

- ပြောင်းချဉ်ဖတ်ပြုလုပ်ရန် အကောင်းဆုံး ရိတ်သိမ်းချိန်မှာ အစေ့နို့ရည်တည်ချိန်
- ရေဓါတ်ပါဝင်မှု-၇၀မှ၇၅%ထိ
- အပင်ရိတ်သိမ်းခြင်း၊ စဉ်းခြင်းနှင့် ချဉ်ဖတ်သိပ်ခြင်း – တစ်ရက် အတွင်းအပြီး ဆောင်ရွက်ရန်
- ပြောင်းဖူးကိုအပင်၌ အခြောက်ခံ၍ အစေ့ ထုတ်ယူလေ့ရှိပါက အဖူးအထက် (ဖါလက်မ) အကွာ ပြောင်းပင် ထိပ်ဖျားများကို ဖြတ် တောက်၍ ချဉ်ဖတ်ပြုလုပ်ရန်





# ပြောင်းချဉ်ဖတ်ပြုလုပ်နည်း

- ချဉ်ဖတ်ကောင်းရရှိရန် ကောင်းစွာသိပ်ပေးရန်လိုအပ်ပါသည်။ ချဉ်ဖတ်ကျင်းထဲ၌ လေခိုအောင်းမှုနည်းလေ ချဉ်ဖတ်အရည်အသွေး ကောင်းလေဖြစ်သည်။
- ချဉ်ဖတ်ကျင်း (သို့မဟုတ်) အိတ်ကို လေလုံအောင် ပြုလုပ်ထားမှသာလျှင် မှိုတက်ခြင်း၊ နွားစာတွင်ပါဝင် သော အာဟာရဓါတ်များ ဆုံးရှုံးခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ချဉ်ဖတ်သိပ်ပြီးအနည်းဆုံး(၄၈)ရက်အတွင်းမဖွင့်ရ။

## အဖူးမပါသောချဉ်ဖတ်စာထဲသို့ ပူးတွဲထည့်ရန်ပစ္စည်း

- ပြောင်းပင် ပိဿာ (၁၀၀)+ သကာရည် (၃)ပိဿာ+ ရေ(၁.၅) ပိဿာရောစပ်ရပါမည်။
- ဖ လက်မအလွှာထု ရောက်တိုင်း သကာရည်ကို နှံ့စပ်အောင် ပက်ဖျန်း ပေးရ သည်။

## ဖုံးအုပ်ခြင်း

- အပေါ်ယံမျက်နှာပြင် ညီညာ ပြေပြစ်ပြီး မိုးရေ မဝပ်စေရ
- ရေ စီးဆင်းမှု ကောင်းရန်။
- မျက်နှာပြင်ကို မြေသားမဖုံးအုပ်မီ ကောက်ရိုး၊မြက်ခြောက် များကို ဖလက်မ ထုခင်း ပေးရန်။

# ပြောင်းချဉ်ဖတ်အရည်အသွေး

❖ အရည်အသွေး ကောင်းမွန်သော ပြောင်းချဉ်ဖတ်– စိမ်းဝါ ရောင် ရှိရန်။

– အဖြူအစက်အပြောက်များကင်းစင်ရန်(မှိုမတက်ရန်)။

– ရှာလကာရည်အနံ့ရှိပြီး အရသာကောင်းမွန်နေစေရန်။

# ပြောင်းချဉ်ဖတ် အချဉ်ပေါက်ခြင်း

အပင်များကို ခုတ်ဖြတ် နင်းသိပ်ခြင်းဖြင့် ယိုစီးထွက်လာသော အရည်များတွင် သကြားနှင့် ကစီဓါတ်တို့ပါဝင်ပြီး ၎င်းကို လက်တစ် အက်စစ် ထုတ်သော ဘက်တီးရီးယားများက လက်တစ်အက်စစ်အဖြစ်သို့ ပြောင်းပေးနိုင် သည်။ ချဉ်ဖတ်ကောင်းရရှိရန် ကောင်းစွာ နင်းသိပ်ရမည်။ လေခိုအောင်းမှုနည်းလေ ချဉ်ဖတ်အရည်အသွေးကောင်းလေဖြစ်သည်။

# ပြောင်းချဉ်ဖတ်၏ အကျိုးကျေးဇူး

- သီးနှံများတွင်ပါဝင်သော အာဟာရဓါတ်နှင့်အစိုဓါတ်ကို ထိန်းသိမ်း ထားနိုင်ခြင်း။
- နေရောင်ခြည်ဖြင့် အခြောက်လှန်းခြင်းထက် အာဟာရဆုံးရှုံးမှု နည်းခြင်း။
- မည်သည့်ရာသီမဆို ပြုလုပ်နိုင်ခြင်း။
- ကုန်ကျစရိတ်နည်းခြင်းနှင့် နှစ်အတော်ကြာသိုလှောင်ထားနိုင်ခြင်း။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပြောင်းချဉ်ဖတ် ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များ နှင့် စမ်းသပ်ထုတ်လုပ်ရန်လျာထားပမာဏ

| စဉ် | ကုမ္ပဏီ | စမ်းသပ် လျာထား ပမာဏ (တန်) | စက်ယန္တယားသုံးစွဲမှုအခြေအနေ | | |
|---|---|---|---|---|---|
| | | | ရိုတ်ဖြတ် စက် | ကြိတ်စက် | ထုတ်ပိုး စက် |
| ၁ | Evershine Lashio Co.Ltd | ၁၀၀၀၀ | ၃ | ၅ | ၁ |
| ၂ | Kangrui(Myanmar) Agriculture and Livestock Development Co,Ltd | ၃၀၀၀ | ၂ | ၄ | ၂ |
| ၃ | Yi Min Co.Ltd | ၅၂၅၀ | ၁ | ၂ | ၂ |

# ပြောင်းချဉ်ဖတ်တိရိစ္ဆာန်အစာ(Maize Silage)များ ထုတ်လုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ပါဝင်ဆောင်ရွက်သူများမှ လိုက်နာရမည့် အချက်များ (SOP s)

၁။ ပြောင်းစိုက်ပျိုးထုတ်လုပ်သူများ လိုက်နာ ဆောင်ရွက်ရမည့် အချက်များ (၆) ချက်

၂။ တင်ပို့သူ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များ (၁၄)ချက်

၃။ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် အချက်များ (၅)ချက်

# Phytosanitary Certificate (PC) ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ (၅)ချက်

(၁) Maize Silage(ပြောင်းချဉ်ဖတ်) နမူနာရယူရန် ထုတ်လုပ်သည့် ဒေသရှိ စိုက်ပျိုးရေးဦးစီးဌာန(ရုံး)ထံ သတင်းပို့ပါ။

(၂) ထုတ်လုပ်သည့်ဒေသရှိ စိုက်ပျိုးရေးဦးစီးဌာန အကြီးအကဲမှ တာဝန်ပေးအပ်သော အရာရှိနှင့် အဖွဲ့မှ နမူနာများ(2Kg/100MT) ရယူပေးပြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးလိပ်စာ- အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်) သို့တင်ပို့မည့်ကုမ္ပဏီမှ လူကိုယ်တိုင်(သို့) ကိုယ်စားလှယ် လွှဲအပ်ထားသူမှ လာရောက်ပို့ဆောင်ရမည်။ နမူနာများကို စုပေါင်း၍ လေလုံသော ပလပ်စတစ်အိတ်ကြီး(Zipped Plastic Bag) ဖြင့် ထည့်သွင်းယူဆောင် ခဲ့ရမည်။

# Phytosanitary Certificate (PC) ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ (၅)ချက်

(၃) Phytosanitary Certificate (PC) လျှောက်ထားရာတွင် နမူနာ များနှင့်အတူမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးထားသော (Silage Production Permit) တိရိစ္ဆာန် အစာချဉ်ဖတ် ထုတ်လုပ်သည့် လုပ်ငန်းခွင့်ပြုလက်မှတ်၊ ကိုယ်စားလှယ်လွှဲစာ၊ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မိတ္တူတို့ကိုလည်းပူးတွဲတင်ပြရမည်။

(၄) Phytosanitary Certificate(PC) လျှောက်ထားရန် လျှောက်လွှာ ပုံစံတွင် ဖြည့်သွင်းခြင်း၊ ဘဏ်သို့ငွေသွင်းခြင်း၊ ငွေသွင်းချလံမူရင်းအား တင်ပြခြင်း တို့ကို ဆောင်ရွက်ရမည်။

(၅) စိုက်ပျိုးရေးဦးစီးဌာနနှင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများ အနေဖြင့် ပေးပို့လာသော နမူနာများအား အလုပ်လုပ် ရက်(၇) ရက်အတွင်း စစ်ဆေးပြီးစစ်ဆေးတွေ့ရှိချက်များပေါ်မူတည်၍ Phytosanitary Certificate (PC) ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်အား အလုပ်လုပ်ရက်(၃)ရက်အတွင်းထုတ်ပေးမည်ဖြစ်သည်။

# တရုတ်နိုင်ငံသို့တင်ပို့မည့် ပြောင်းချဉ်ဖတ်တွင် ပိုးမွှားကင်းစင်မှု စစ်ဆေးရန် သတ်မှတ်ထားသည့် ပိုးမွှားရောဂါနှင့်ပေါင်းများ

၁။ ပိုးစေးနဲ(Mealybug) (အင်းဆက်)

၂။ ဒေါင်းနီးမှိုရောဂါ (Brown Stripe Downy Mildew Disease)

၃။ စန့်ခရမ်မြက်(Bur Grass)

၄။ ဘိစပ်(Siam weed)

၅။ နှံစားပြောင်းရိုင်း(Johnson grass)

၆။ ပြောင်းစားဘီလူး-အဖြူ(Giant witchweed)

၇။ ပြောင်းစားဘီလူး-အနီ (Red witchweed)

၈။ ပြောင်းစားဘီလူး-ခရမ်း(Purple witchweed)

၁။ပိုးစေးနဲ့ (အင်းဆက်)
(Mealybug)



၃။စန့်ခရမ်မြက်(Bur Grass)




၂။ ဒေါင်းနီးမှိုရောဂါ
(Brown Stripe Downy
Mildew Disease)



၄။ဘိစပ်(Siam weed)



၅။ နံ့စားပြောင်းရိုင်း (Johnson grass)



၇။ ပြောင်းစားဘီလူး–အနီ (Red witchweed)




၆။ ပြောင်းစားဘီလူး–အဖြူ(Giant witchweed)



၈။ ပြောင်းစားဘီလူး–ခရမ်း (Purple witchweed)




# စိုက်ပျိုးထုတ်လုပ်မှုတစ်ဧက ကုန်ကျစရိတ်၊ ဝင်ငွေနှင့် အကျိုးအမြတ်

| စဉ် | အကြောင်းအရာ | တစ်ဧကကုန်ကျစရိတ် | ပြောင်းချဉ်ဖတ်ထုတ်လုပ်မှုစရိတ် | တစ်ဧကဝင်ငွေ | အကျိုးအမြတ် | ရင်းနှီးငွေနှင့်ဝင်ငွေအချိုး |
|---|---|---|---|---|---|---|
| ၁ | အစေ့ထုတ်ရောင်းချခြင်း | ၄၁၃၀၀၀ | - | *၅၅၈၄၀၇ | ၁၄၅၄၀၇ | ၁:၁.၃၅ |
| ၂ | ပြောင်းချဉ်ဖတ်ပြုလုပ်ရန်အပင်ခုတ်ရောင်းချခြင်း | ၄၀၉၀၀၀ | - | +၇၅၀၀၀၀ | ၃၄၁၀၀၀ | ၁:၁.၈၃ |
| ၃ | ပြောင်းချဉ်ဖတ်ထုတ်လုပ်ရောင်းချခြင်း | ၇၅၀၀၀၀ | ၁၅၀၀၀၀ | ×၁၅၃၀၀၀၀ | ၆၃၀၀၀၀ | ၁:၁.၇၀ |

(* ၇၃.၀၉ တင်း/ဧက × ၇၆၄၀ ကျပ်)
(+ ၁၅ တန် × ၅၀၀၀၀ ကျပ်)
(× ၁၂ တန် × ၁၂၇၅၀၀ ကျပ်)

# စိုက်ပျိုးထုတ်လုပ်မှုတစ်ခုချင်းစီ ကုန်ကျစရိတ်၊ ဝင်ငွေနှင့် အကျိုးအမြတ်



# ပြောင်းချဉ်ဖတ် တင်ပို့ရောင်းချနိုင်မည့် ဈေးကွက်အလားအလာ

(၁) တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် သို့ Maize Silage တင်ပို့ နိုင်ရန် ဈေးကွက် အလား အလာရှိခြင်း။

(၂) အိန္ဒိယနိုင်ငံနှင့်ထိုင်းနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့နိုင်ခြင်း။

(၃) လုပ်ငန်းရှင်များနှင့် တောင်သူများ အကျိုးတူ Contract Farming ဆောင်ရွက်စေ၍ စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်းများ အဆက်မပြတ်ရရှိစေရန် အချိန်ကိုက်စိုက်ပျိုးခြင်းဖြင့် ဈေးကွက်လိုအပ်ချက်နှင့်အညီ စိုက်ပျိုး၍ ဝင်ငွေရရှိ နိုင်ခြင်း။

# ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

- ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပြောင်းချဉ်ဖတ်စက်ရုံများမှ ထုတ်လုပ်မှုတိုးမြှင့်လျာထားလျက်ရှိ
- တောင်သူများနှင့် လုပ်ငန်းရှင် အကျိုးတူပူးပေါင်း၍ GAP စနစ်ဖြင့် အချိန်ကိုက်ညှိစိုက်ပျိုးနိုင်ရန် ပညာပေးပေါင်းစပ်ဆောင်ရွက်လျက်ရှိ
- Marketing contract ပုံစံဖြင့် လုပ်ငန်းရှင်နှင့် တောင်သူများ သဘောတူစာချုပ်ချုပ် နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

## လားရှိုးမြို့နယ်၊ Kangrui(Myanmar) Agriculture and Livestock Development Co,Ltd
## Maize Silage ဆောင်ရွက်သည့် မှတ်တမ်းဓါတ်ပုံများ



စက်ရုံအဆောက်အဦး



စက်ရုံအဆောက်အဦး



စက်ဖြင့်ရိတ်သိမ်းပြီးကြိတ်ခွဲနေပုံ



သိုလှောင်ကန်တွင်ထည့်သွင်းနေပုံ

## လားရှိုးမြို့နယ်၊ Kangrui(Myanmar) Agriculture and Livestock Development Co,Ltd
## **Maize Silage ဆောင်ရွက်သည့် မှတ်တမ်းဓါတ်ပုံများ**



ပလပ်စတစ်အုပ်၍သိုလှောင်ထားပုံ



ကြိတ်ဖတ်များအားထုတ်ပိုးမှု



Silageများအားသယ်ယူသိုလှောင်ထားရှိမှု



အဆင့်မြင့်နွားစာပြောင်းအစေ့ပြားပုံ

# ကွတ်ခိုင်မြို့နယ်၊ Yi Min Co.Ltd မှ**Maize Silage** ဆောင်ရွက်သည့် မှတ်တမ်းဓါတ်ပုံများ



ပြောင်းပင်များရိတ်သိမ်းထားရှိမှု



စက်ဖြင့်ကြိတ်ခွဲနေပုံ



ကြိတ်ဖတ်များအားသိုလှောင်ထားရှိမှု



ထုတ်ပိုးပြီးစီးမှုအားစစ်ဆေးနေပုံ

# ပြောင်းချဉ်ဖတ်များကိုနမူနာယူခြင်းဓါတ်ပုံမှတ်တမ်း










# နိဂုံး

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးသူတောင်သူများ အနေဖြင့် အစေ့ထုတ်ပြောင်းကို အစေ့အဆန် ထုတ်လုပ်ရောင်းချရုံသာမက ဈေးကွက်အလားအလာ ရှိနေသော ပြောင်းချဉ်ဖတ်ပြုလုပ်ရန် လုပ်ငန်းရှင်နှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

# ကိုးကားချက်

- တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသူရေးဦးစီးဌာနမှ လက်ကမ်းစာစောင်ပါ အချက်များ
- ဒုတိယပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လားရှိုးမြို့မှ ပြောင်းသီးနှံ တစ်ကေကုန်ကျစရိတ်တွက်ချက်မှုများ
- ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးတာဝန်ခံ လားရှိုးမြို့နယ် မှ သီးနှံဖျက်ပိုး ဓါတ်ပုံအချက်အလက်များ
- မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လားရှိုးမြို့မှ လုပ်ငန်းဆိုင်ရာ အချက်အလက်များ

# Kangrui(Myanmar) Agriculture and Livestock Development Co,Ltd မှ ပြောင်းချဉ်ဖတ်များ ထုတ်လုပ်ရောင်းချမှုမှတ်တမ်း Video




ကျေးဇူးတင်ပါသည်။